## YANGON AERODROME COMPANY LIMITED (YACL)

## 3rd Anniversary of Operation and Management at YIA

Lotte Hotel　　　　6 October 2018

**ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား YACL မှ လွှဲပြောင်းတာဝန်ယူကာ ဝန်ဆောင်မှုပေးခဲ့သည့် (၃) နှစ်ပြည့်အခမ်းအနားတွင် ပို့ဆောင်ရေး နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးပြောကြားသည့် ကျေးဇူးတင်စကား**

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၆) ရက်

ဟိုတယ် နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ YACL မှ တာဝန်ရှိသူများ နှင့် ကြွရောက်လာကြသော ပုဂ္ဂိုလ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနှင့် ပြည့်စုံပါစေကြောင်း ဦးစွာ တောင်းဆိုပြုပါတယ်။

ယခင်က မြန်မာနိုင်ငံရှိ လေဆိပ်၊ လေယာဉ်ကွင်းများအားလုံး၏ ဝန်ဆောင်မှုလုပ်ငန်းများကို ယခင်ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကသာ တာဝန်ယူ၍ နိုင်ငံတော်၏ ဘတ်ဂျက်ဖြင့် ရပ်တည်ခဲ့ရပြီး နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တစ်ခုသာ ၂၀၁၁ ခုနှစ်တွင် ပုဂ္ဂလိကကုမ္ပဏီဖြစ်သော Pioneer Aerodrome Services Co., Ltd (PAS) ကို BOT စနစ်ဖြင့် စတင်လုပ်ကိုင်ခွင့်ပေးခဲ့ပါတယ်။ သို့ရာတွင် ၂၀၁၂ ခုနှစ်တွင် နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ်ပီပြင်လာစေရေးအတွက် စီးပွားရေးလုပ်ငန်းများတွင် ပုဂ္ဂလိကအခန်းကဏ္ဍပူးပေါင်းပါဝင်လာစေရေးမူဝါဒအရ လုပ်ငန်းလည်ပတ်နေသော အပြည်ပြည်ဆိုင်ရာလေဆိပ်နှစ်ခုဖြစ်တဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့၏ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် နှင့် ရန်ကုန်မြို့တော်အတွက် လေဆိပ်အသစ်ဖြစ်လာမည့် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်တည်ဆောက်ရေးအကောင်အထည်ဖော်ဆောင်ရွက်ရန် PPP စနစ်ဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာတင်ဒါခေါ်ယူခဲ့ပါတယ်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွက် ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလတွင် PQ စတင်ခေါ်ယူခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် PQ အောင်မြင်သူများကြေငြာနိုင်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်၊ မတ်လတွင် တင်ဒါ Document များ ဖြည့်ဝေနိုင်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၈) ရက်နေ့တွင် တင်ဒါတင်ပြခဲ့သည့် အဖွဲ့ (၇) ဖွဲ့အနက် ယခု YACL Company ၏ Consortium အဖွဲ့အား အောင်မြင်သော တင်ဒါရှင်အဖြစ် ကြေငြာနိုင်ခဲ့ပါတယ်။ စာချုပ်ချုပ်ဆိုနိုင်ရေးဆွေးနွေးမှုများဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ်၊ မေလတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် MIC သို့ တင်ပြကာ ၂၀၁၄ ခုနှစ်၊ ဇွန်လတွင် MIC မှ YACL သို့ လုပ်ငန်းဆောင်ရွက်ခွင့်ပေးခဲ့ပါတယ်။

လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန - DCA နှင့် YACL တို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရန် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၆) ရက်နေ့တွင် Concession Agreement လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများကိုတော့ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၃) ရက်နေ့မှစတင်ကာ YACL သို့ လွှဲပြောင်းမှုစတင်နိုင်ခဲ့ရာ ယခု ၂၀၁၈ အောက်တိုဘာလတွင် (၃) နှစ်ပြည့်မြောက်ခဲ့ပြီးဖြစ်သဖြင့် ယနေ့ (၃) နှစ်ပြည့် အခမ်းအနားကျင်းပနိုင်ခဲ့ခြင်းအပေါ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကိုယ်စား ဝမ်းမြောက်ဂုဏ်ယူပါတယ်။

# YANGON AERODROME COMPANY LIMITED (YACL)

## 3rd Anniversary of Operation and Management at YIA

Lotte Hotel 6 October 2018

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို အသုံးပြုဝင်ထွက်သည့်ခရီးသည်ဟာ ၂၀၁၁ ခုနှစ်တွင် (၂.၄) သန်းရှိရာမှ ၂၀၁၇ ခုနှစ်တွင် (၅.၉) သန်းအထိ တိုးတက်လာခဲ့ပါတယ်။ ယခုလိုတိုးတက်လာတဲ့ခရီးသည်များအတွက် တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီတစ်ခုဖြစ်သည့် YACL မှ ၂၀၁၅ ခုနှစ် မှ (၃) နှစ်တာကာလအတွင်း နိုင်ငံတကာအဆင့်မီဝန်ဆောင်မှုများပေးနိုင်ခဲ့ခြင်းအပေါ်တွင်လည်း အသိအမှတ်ပြုပါတယ်။ ထို့အတူ နောင်လာမည့်နှစ်များတွင်လည်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် YACL အနေဖြင့် ဘေးကင်းလုံခြုံမှုရှိရှိဖြင့် လေကြောင်းခရီးသွားများ နှင့် လေကြောင်းကုန်စည်များ၏ ဝန်ဆောင်မှုလုပ်ငန်းများ ဝန်ဆောင်မှုပေးရာတွင် ပို၍ ပို၍ ကောင်းမွန်လာပြီး လေဆိပ်အသုံးပြုသူများအားလုံး၏ အသိအမှတ်ပြုချီးကျူးခံရသည့် လေဆိပ် operator ကောင်းဖြစ်ပါစေကြောင်း ဆုတောင်းမေတ္တာပေးပို့အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။